## ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုအထူးအခွင့်အရေး (GSP/EBA) ဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ ထုတ်ပြန်ချက်

**၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်** **Belgium နိုင်ငံ ၊ Brussels မြို့**

၁။ ကုန်သည်စက်မှုအသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ် သည် Belgium နိုင်ငံ၊ Brussels မြို့၊ မြန်မာသံရုံးမှ စီးပွားရေးသံမှူး ဦးတင့်ဇော်ညွှန့် နှင့်အတူ ၁၁-၁၂-၂၀၁၈ ရက် ၊ ဒေသစံတော်ချိန် ညနေ ၃း၀၀ နာရီ မှ ၄း၀၀ နာရီအချိန်ထိ ဥရောပကော်မရှင်၊ ကုန်သွယ်ရေးဌာနရုံးချုပ် (Charlemagne Building) ၌ ကုန်သွယ်ရေးဌာန (Directorate-General For Trade) နှင့် အလုပ်အကိုင်နှင့် လူမှုရေးရာဌာန (Directorate-General For Employment, Social Affairs and Inclusion) တို့မှတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် Generalized System of Preferences (GSP/EBA) ဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ပါသည်။

၂။ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ၏ လတ်တလောဖြစ်ပေါ်နေသောကိစ္စရပ်များကိုအခြေခံ၍ မြန်မာနိုင်ငံသို့ ခံစားခွင့်ပြုထားသော Generalized System of Preferences (GSP/EBA) အခွင့်အရေး အပေါ် လေ့လာစောင့်ကြည့် နေချိန်တွင် မြန်မာနိုင်ငံ၏ GSP ရရှိပြီးချိန် (၂၀၁၃ခုနှစ်) မှစ၍ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသော လုပ်သားဈေးကွက် အခြေအနေ နှင့် ပြောင်းလဲဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိသော သက်ရောက်မှုများကို အထည်ချုပ်လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကိုယ်စား ဆွေးနွေးတင်ပြရန် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

၃။ ဥရောပကော်မရှင်မှ GSP ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် လက်ရှိမြန်မာနိုင်ငံ၏ လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် ဆွေးနွေးချက်များအပေါ်တွင် ကုန်သည်စက်မှု အသင်းချုပ်မှ ဦးစားပေးဆောင်ရွက်နေသော Labour Law Reform ကိစ္စရပ်များ၊ Internally Displaced Persons (IDP) Camp များတွင် ရှိနေသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးနှင့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပြီး အလုပ်သမားအခွင့်အရေး နှင့် အလုပ်သမားဥပဒေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ ILO ၏ နည်းပညာအကူအညီဖြင့် ကလေးလုပ်သား ပပျောက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ပါသည်။

၄။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် နှင့် UEHRD (Union Enterprise for Humanitarian Assistance, Resettlement and Development) လူသားခြင်းစာနာမှုကူညီထောက်ပံ့ရေး၊ ပြန်လည်နေရာချ ထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းစဉ်များ ချိတ်ဆက်လျက် အသက်မွေး ဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်နိုင်ရေး

နှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး၊ အသေးစားငွေကြေးထောက်ပံ့မှုတို့ကို ဆောင်ရွက်နိုင်သော ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၅။ ဥရောပသမဂ္ဂတာဝန်ရှိသူများက အနာဂတ်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းများ၏ သင့်လျော်ကောင်းမွန်သော လုပ်ငန်းခွင်ဖန်တီးရေး နှင့် ရေရှည်တည်တံ့စေနိုင်ရေး ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းများ၏ ဥရောပသမဂ္ဂအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော SMART Myanmar Project ၏ တိုးတက်အောင်မြင်နေသော ရလဒ်များ၊ အထည်ချုပ်စက်ရုံများ၏ ၆၀% ခန့်သည် ဥရောပသမဂ္ဂ၏ စံနှုန်းသတ်မှတ်ချက်များအပေါ် အခြေခံ၍လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ကလေးလုပ်သားပပျောက်ရေးဆောင်ရွက်နေမှုများ၊ အမျိုးသမီး ၉၀% ကျော် အလုပ်ခန့်ထားနိုင်မှုများ၊ လက်ရှိတွင် သဘာဝပတ်ဝန်းကျင်၊ စွန့်ပစ်ပစ္စည်း၊ ဓါတုပစ္စည်းများ စီမံခန့်ခွဲမှုများကို ပညာပေးဆောင်ရွက်နေခြင်းများ နှင့် စက်ရုံများတွင် ဆိုလာစွမ်းအင်စတင်အသုံးပြုမှုများ စသည်တို့ကို ပြန်လည်ဆွေးနွေးခဲ့ပါသည်။

၆။ ဥရောပကော်မရှင်မှ GSP ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင် များပြားလှစွာသော စိန်ခေါ်မှုများရှိနေသော်လည်း အထည်ချုပ်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုများနည်းတူ အခြားသောလုပ်ငန်းကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေလိုပါကြောင်း၊ စိန်ခေါ်မှုဖြစ်နေသော အခမ္ဘခိုင်းစေမှုများ၊ ကလေးလုပ်သားများ ပပျောက်စေရေး အတွက် မြန်မာစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအသီးသီးမှ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှသာ လူ့အခွင့်အရေး နှင့် လုပ်သားအခွင့်အရေးကို လေးစားသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂမှလည်း နိုင်ငံ့စီးပွားရေးအောင်မြင်မှုကို မြင်တွေ့လိုပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်အားသရွေ့ ပံ့ပိုးကူညီ သွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။

၇။ ကုန်သည်စက်မှုအသင်းချုပ်မှ မြန်မာနိုင်ငံအား ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP/EBA) ကို ဆက်လက်ခံစားခွင့်ပြုမှသာ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)